EURO SPORTS JOURNAL
VOL.5, NO.73 SUNDAY (30. 8. 2015)



# ဆွမ်ဆီးကို အကြွေးဆပ်ရမယ့်ပွဲမှာ ဝိန်းရုနီ နိုးထဖို့လိုပြီ

ပြီးခဲ့တဲ့ နယူးကာဆယ်နဲ့ပွဲမှာ ဝိန်းရုနီတစ်ယောက် ဂိုးသွင်းယူခဲ့ပေမယ့် ကွင်းလယ်ဒိုင်ကတော့ လူကျွံဘောအဖြစ် သတ်မှတ်ခဲ့တာကြောင့် ဂိုးမရခဲ့ပါဘူး။ အဲဒီဂိုးမရခဲ့တာကြောင့် ဝိန်းရုနီဟာ မန်ယူအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းမရှိတာ (၈၅၈)မိနစ် ကြာမြင့်မှုနဲ့အတူ ဂိုးမိုးခေါင်မှုရင်ဆိုင်ခဲ့ရပြီး ဝေဖန်သံမှုတွေ ရင်ဆိုင်ခဲ့ရပါတယ်။ Daily Mail သတင်းစာဆိုရင် အသင်းခေါင်းဆောင် ဝိန်းရုနီဟာ တစ်နှစ်ကို လုပ်ခပေါင်(၈)သန်း၊ တစ်ပတ်လုပ်ခ ပေါင်(၂၁၀,၀၀၀)ရရှိနေပေမယ့် ပြီးခဲ့တဲ့(၉)လတာအတွင်း မန်ယူအတွက် တစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့တယ်လို့ ထောက်ပြခဲ့ပါတယ်။ မန်ယူအနေနဲ့လည်း ဝိန်းရုနီ ဂိုးမိုးခေါင်မှုနဲ့အတူ ပြီးခဲ့တဲ့ပရီးမီးယားလိဂ်(၃)ပွဲမှာ (၂)ဂိုးသာရရှိခဲ့တာကြောင့် တိုက်စစ်ပြဿနာနဲ့ ရင်ဆိုင်နေရပါပြီ။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို မန်ယူဟာ ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၄)မှာ ဆွမ်ဆီးနဲ့ ရင်ဆိုင်ရပါတော့မယ်။ ဆွမ်ဆီးဆိုတာ ပြီးခဲ့တဲ့ရာသီတုန်းက ပရီးမီးယားလိဂ်မှာ မန်ယူကို နှစ်ကျော့စလုံးအနိုင်ရခဲ့တဲ့ အသင်းဖြစ်ပြီး ဗန်ဂါးလ်အနေနဲ့လည်း မန်ယူနည်းပြဘဝမှာ ဆွမ်ဆီးကို နှစ်ကြိမ်စလုံးရှုံးထားတယ်ဆိုတဲ့ မှတ်တမ်းဆိုးကြီးနဲ့ ရင်ဆိုင်ထားရပါတယ်။ ဒါကြောင့် မန်ယူနဲ့ဗန်ဂါးလ် ဆွမ်ဆီးကို သွေးကြွေးဆပ်ရမယ့်ပွဲမှာ တိုက်စစ်မှူးဝိန်းရုနီတစ်ယောက် သွင်းဂိုးတွေနဲ့ ပြန်လည်နိုးထဖို့ လိုအပ်နေပြီလို့ဆိုရတော့မှာပါ . . .။

**ပရီးမီးယားလိဂ်ပွဲစဉ်(၄)**
(ဩဂုတ် ၃၀၊ ည ၉း၃၀ နာရီ)
**ဆွမ်ဆီး Vs မန်ယူ**

## ရိုးမားမှာ ချန်ပီယံသွေး တကယ်ရှိပြီလားဆိုတာကို စမ်းသပ်မယ့်ပွဲ

**စီးရီးအေပွဲစဉ်(၂)**
(ဩဂုတ် ၃၀၊ ည ၁၀း၃၀နာရီ)
**ရိုးမား Vs ဂျူဗင်တပ်**



